**TMH Telecom Public Company Limited ၏ ၂၀၂၅ ခုနှစ် မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် (၂၀၂၄-၂၅) ခုနှစ် ဘဏ္ဍာနှစ်အပေါ် စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးချက်နှင့် လေ့လာသုံးသပ်ချက်ကို ထုတ်ပြန်ကြေငြာခြင်း**

အောက်ဖော်ပြပါ သုံးသပ်ချက်များသည် TMH Telecom Public Company Limited ၏ ၂၀၂၅ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့တွင် ကုန်ဆုံးသည့် (၂၀၂၄-၂၀၂၅) ဘဏ္ဍာနှစ်အတွက် ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်း ပေါင်းချုပ်ကို အခြေခံထားသော သုံးသပ် ထုတ်ပြန်ချက် ဖြစ်သဖြင့် ထိုဘဏ္ဍာရေးရှင်းတမ်းများနှင့်အတူ ယှဉ်တွဲ၍ ဖတ်ရှုနိုင်ပါသည်။

ငွေကြေးဖော်ပြချက်အားလုံးကို မြန်မာကျပ်ငွေဖြင့် ဖော်ပြထားပါသည်။

အနှစ်ချုပ်တင်ပြချက်များ

ကုမ္ပဏီ၏ ဝင်ငွေရှင်းတမ်း အကျဉ်းချုပ်ဖော်ပြချက်(ကျပ်ထောင်ပေါင်း)

| | ဧပြီလ ၂၀၂၄ မှ မတ်လ ၂၀၂၅ | ဧပြီလ ၂၀၂၃ မှ မတ်လ ၂၀၂၄ | ပြောင်းလဲမှု % |
|---|---|---|---|
| ဝင်ငွေ | ၅,၈၈၈,၀၀၈ | ၇,၂၅၁,၄၄၂ | (၁၉%) |
| ရောင်းကုန်တန်ဖိုး | (၄,၈၀၂,၇၁၁) | (၅,၁၃၇,၃၉၉) | (၇%) |
| အကြမ်းအမြတ် | ၁,၀၈၅,၂၉၇ | ၂,၁၁၄,၀၄၃ | (၄၉%) |
| အခြားရငွေ | ၅၄၁,၆၇၆ | ၃၂၀,၇၂၇ | ၆၉% |
| အသုံးစရိတ်များ | (၂,၈၀၃,၅၇၉) | (၂,၃၀၆,၁၉၆) | ၂၂% |
| အစုစပ်ကုမ္ပဏီမှ (အရှုံး)/အမြတ် | ၉,၅၄၀ | ၇၆,၈၁၅ | (၈၈%) |
| အခွန်မလျှာမီ အသားတင် (အရှုံး)/အမြတ် | (၁,၁၆၇,၀၆၆) | ၂၀၅,၃၈၉ | (၆၆၈%) |
| ဝင်ငွေခွန် | - | (၂၁,၈၅၈) | (၁၀၀%) |
| အခွန်လျှာပြီး အသားတင် (အရှုံး)/အမြတ် | (၁,၁၆၇,၀၆၆) | ၁၈၃,၅၃၁ | (၇၃၆%) |
| အခြားဝင်ငွေအလုံးစုံ | | | |
| ရင်းနှီးမြှုပ်နှံမှုအတွက် ကာလပေါက်ဈေး ညှိနှိုင်းခြင်း | (၁၇,၃၂၅) | ၉,၂၄၀ | (၂၈၈%) |
| စုစုပေါင်းဝင်ငွေအလုံးစုံပါဝသော (အရှုံး)/အမြတ် | (၁,၁၈၄,၃၉၁) | ၁၉၂,၇၇၁ | (၇၁၄%) |
| ရှယ်ယာတစ်စုဝင်ငွေ (ကျပ်) | - | ၁၄ | - |

**Address : No.18/A, Koh Min Koh Chin Road, Bahan Township, Yangon**
**Phone : +951 552100,552101**
**Website: www.tmhtelecom.com**

ယခု(၂၀၂၄-၂၀၂၅)ဘဏ္ဍာနှစ်တွင် ကုမ္ပဏီ၏ဝင်ငွေသည် ကျပ်ငွေ (၅.၈၉)ဘီလီယံရရှိခဲ့ပြီး၊ ယခင်ဘဏ္ဍာနှစ်(၂၀၂၃-၂၀၂၄)မှ ရရှိသည့် ကျပ်ငွေ (၇.၂၅)ဘီလီယံနှင့် နှိုင်းယှဉ်ပါက (၁၉)ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ထိုသို့ကျဆင်းခဲ့ရခြင်းမှာ ပြီးခဲ့သော ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသော အခြေအနေများကြောင့် အချို့သောစီမံကိန်းလုပ်ငန်းများကို ရပ်ဆိုင်းထားရပါသည်။ ထို့အပြင် ငွေဖြည့်ကတ် ထုတ်လုပ်ရောင်းချမှု လုပ်ငန်းများသည် အခြားဒေသတွင် ပုံမှန်လည်ပတ်လျှက်ရှိသော်လည်း ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဒေသတွင်း မတည်ငြိမ်မှုများကြောင့် လုပ်ငန်းများ ခေတ္တခဏ ရပ်ဆိုင်းထားရပါသည်။

ယခု(၂၀၂၄-၂၅)ဘဏ္ဍာနှစ်၏ ဝင်ငွေကျဆင်းမှုကြောင့် ရောင်းကုန်တန်ဖိုးသည် ယခင်ဘဏ္ဍာနှစ်ထက် (၇)ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ သို့သော်လည်း ကုန်ကြမ်းတန်ဖိုးများ မြင့်တက်လာခြင်းနှင့် ငွေကြေးလဲလှယ်နှုန်းအပြောင်းအလဲကြောင့် ရောင်းကုန်တန်ဖိုးသည် ယခုတင်ပြသောဘဏ္ဍာနှစ် ဝင်ငွေ၏ (၈၂) ရာခိုင်နှုန်းထိမြင့်တက်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ အကြမ်းအမြတ်သည် (၁၈)ရာခိုင်နှုန်းကျန်ရှိပြီး ပမာဏအားဖြင့် ငွေကျပ် (၁.၀၉)ဘီလီယံသာကျန်ရှိပါသဖြင့် ယခင်ဘဏ္ဍာနှစ်ထက် (၄၉) ရာခိုင်နှုန်းလျော့နည်းကျဆင်းသွားပါသည်။

မိုဘိုင်းစီမံကိန်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ရရှိလာသော ကုမ္ပဏီ၏အခြားဝင်ငွေသည် ယခုဘဏ္ဍာနှစ်တွင် ကျပ်ငွေ(၀.၅၄)ဘီလီယံထိ ရရှိခဲ့ပါသည်။

ကုမ္ပဏီ၏ အစုစပ်ကုမ္ပဏီတစ်ခုဖြစ်သည့် Myanmar GT Broadband Co., Ltd ၏ ပြင်ပစာရင်းစစ်မှ စီစစ်ထားခြင်း မရှိသေးသည့် (၂၀၂၄-၂၀၂၅) ဘဏ္ဍာနှစ်အတွက် ခွဲဝေအမြတ်ငွေ (၀.၀၁) ဘီလီယံ ရရှိခဲ့ပါသည်။

အခြားစီမံခန့်ခွဲမှုစရိတ်များဖြစ်သောလုပ်ငန်းလည်ပတ်စရိတ်၊ စီမံရေးရာနှင့် အထွေထွေကုန်ကျစရိတ်၊ အရောင်းမြှင့်တင်ရေးဆိုင်ရာ ကုန်ကျစရိတ်များအား စီစစ်သုံးစွဲခဲ့သော်လည်း ငွေကြေးဖောင်းပွခြင်းနှင့်အတူ ကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်လာမှုကြောင့် ကုမ္ပဏီအနေဖြင့် ယခုတင်ပြသော ဘဏ္ဍာနှစ်တွင် အသားတင်အရှုံး မြန်မာငွေ ကျပ် (၁.၁၈) ဘီလီယံဖြစ်ပေါ်ခဲ့ပါသည်။ ဖော်ပြပါ အရှုံး (၁.၁၈)ဘီလီယံတွင် (၂၈.၀၃.၂၀၂၅)ရက်နေ့တွင်ဖြစ်ပေါ်ခဲ့သော မန္တလေးငလျင်ဒဏ်ကြောင့် နေပြည်တော်ဂိုဒေါင်တွင်းရှိ ကုမ္ပဏီပိုင် လုပ်ငန်း သုံးပစ္စည်းဆုံးရှုံးမှု တန်ဖိုးငွေကျပ် (၀.၄၇)ဘီလီယံ ပါဝင်ပါသည်။

ရင်းနှီးမြှုပ်နှံမှုတန်ဖိုးကို သတ်မှတ်ရာတွင် ကုမ္ပဏီမှ First Myanmar Investment Co., Ltd (FMI) တွင်ဝယ်ယူထားသော အစုရှယ်ယာများကို မြန်မာနိုင်ငံ စာရင်းကိုင်စံသတ်မှတ်ချက်များကို လိုက်နာပြီး ရပိုင်ခွင့်များကို ယခုဘဏ္ဍာနှစ်စာရင်းပိတ်ချိန်ရှိ အစုရှယ်ယာဈေးကွက်တွင် ဖော်ပြထားသည့် ဈေးနှုန်းနှင့်အညီ တန်ဖိုးပြန်လည် သတ်မှတ်ထားခြင်းဖြစ်ပါသည်။

ကုမ္ပဏီ၏ လက်ကျန်ရှင်းတမ်း အကျဉ်းချုပ်ဖော်ပြချက်(ကျပ်ထောင်ပေါင်း)

| | ဧပြီလ ၂၀၂၄ မှ မတ်လ ၂၀၂၅ | ဧပြီလ ၂၀၂၃ မှ မတ်လ ၂၀၂၄ | ပြောင်းလဲမှု % |
|---|---|---|---|
| **ရပိုင်ခွင့်များ** | | | |
| လက်ငင်းမဟုတ်သော ရပိုင်ခွင့်များ | ၂,၉၀၃,၀၅၇ | ၂,၅၇၀,၅၈၀ | ၁၃% |
| လက်ငင်းရပိုင်ခွင့်များ | ၁၀,၈၄၅,၃၈၆ | ၁၂,၈၁၀,၉၄၆ | (၁၅%) |
| **စုစုပေါင်း ရပိုင်ခွင့်များ** | **၁၃,၇၄၈,၄၄၃** | **၁၅,၃၈၁,၅၂၆** | **(၁၁%)** |
| **ရင်းနှီးငွေနှင့်ပေးရန်တာဝန်များ** | | | |
| ရင်းနှီးငွေ | ၁၂,၈၄၉,၄၄၇ | ၁၄,၁၂၁,၇၇၅ | (၉%) |
| လက်ငင်းပေးရန်တာဝန်များ | ၈၉၈,၉၉၆ | ၁,၂၅၉,၇၅၂ | (၂၉%) |
| **စုစုပေါင်းရင်းနှီးငွေနှင့်ပေးရန်တာဝန်များ** | **၁၃,၇၄၈,၄၄၃** | **၁၅,၃၈၁,၅၂၆** | **(၁၁%)** |

ကုမ္ပဏီ၏ လက်ငင်းရပိုင်ခွင့်များသည် ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့တွင် ကုန်ဆုံးသော ယခုဘဏ္ဍာနှစ်တွင် ငွေကျပ် (၁၀.၈၅)ဘီလီယံရှိခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ရှိ ငွေကျပ်(၁၂.၈၁)ဘီလီယံနှင့် နှိုင်းယှဉ်ပါက (၁၅)ရာခိုင်နှုန်း ကျဆင်းသွားခဲ့ပါသည်။ ထိုကဲ့သို့ကျဆင်းသွားရသည့် အကြောင်းအရင်းမှာ ကုန်လက်ကျန်များကို လျော့ချ၍ သိုလှောင်ခြင်း၊ ကြိုပေးငွေများကို စရိတ်အဖြစ် စာရင်းပြောင်းရွှေ့သွင်းခြင်း၊ ကုန်လက်ကျန်ပစ္စည်းစာရင်းမှ လုပ်ငန်းအတွက်အသုံးဝင်နိုင်သော လုပ်ငန်းသုံးပစ္စည်းတချို့ကို ပုံသေပိုင်ပစ္စည်းစာရင်းသို့ ပြောင်းရွှေ့စာရင်းရေးသွင်းခြင်း တို့ကြောင့်ဖြစ်ပါသည်။

လက်ငင်းမဟုတ်သော ရပိုင်ခွင့်များသည် ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့တွင် ကုန်ဆုံးသော ယခုဘဏ္ဍာနှစ်တွင် ငွေကျပ် (၂.၉)ဘီလီယံရှိခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ရှိ ငွေကျပ်(၂.၅၇)ဘီလီယံနှင့် နှိုင်းယှဉ်ပါက (၁၃)ရာခိုင်နှုန်း တိုးတက်လာခဲ့ပါသည်။ ထိုကဲ့သို့တိုးတက်လာရသည့် အကြောင်းအရင်းမှာ ကုန်လက်ကျန်ပစ္စည်းစာရင်းမှ လုပ်ငန်းသုံးပစ္စည်းတချို့ကို ပုံသေပိုင်ပစ္စည်းစာရင်းသို့ ပြောင်းရွှေ့စာရင်း ရေးသွင်းခဲ့ခြင်း တို့ကြောင့်ဖြစ်ပါသည်။

စီမံကိန်းများ ပြီးစီးသည့်အချိန်တွင် ဝင်ငွေအဖြစ်သို့ ပြောင်းလဲစာရင်းရေးသွင်းခဲ့ရခြင်းကြောင့် ကုမ္ပဏီ၏ လက်ငင်းပေးရန်တာဝန်များသည် ယခင်(၂၀၂၃-၂၄) ဘဏ္ဍာနှစ်တွင် ကျပ်ငွေ(၁.၂၆)ဘီလီယံရှိရာမှ ယခု(၂၀၂၄-၂၅) ဘဏ္ဍာနှစ်တွင် ကျပ်ငွေ(၀.၉)ဘီလီယံသို့ လျော့နည်းသွားပါသည်။

၂၀၂၅ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့တွင် ကုန်ဆုံးသော ယခုဘဏ္ဍာနှစ်တွင် ကုမ္ပဏီ၏ မတည်ရင်းနှီးငွေမှာ (၉) ရာခိုင်နှုန်းကျဆင်းသွားခဲ့ပြီး ထိုကဲ့သို့ ကျဆင်းသွားရသည့် အကြောင်းအရင်းမှာ ယခုဘဏ္ဍာနှစ်တွင် လုပ်ငန်းသည် ငွေကျပ်(၁.၁၈)ဘီလီယံ အရှုံးဖြစ်ပေါ်သွားခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

**<u>သုံးသပ်ချက်နှင့်အလားအလာ</u>**

တီအမ်အိတ်ချ် တယ်လီကွန်း အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ စီမံခန့်ခွဲမှု အဖွဲ့အနေဖြင့် အစုရှယ်ယာရှင်များသို့ တင်ပြလိုသည်မှာ ကုမ္ပဏီသည် စီးပွားရေး လုပ်ငန်းများ လုပ်ဆောင်ရာတွင် မသေချာမရေရာမှုများနှင့် စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရသော်လည်း စီမံအုပ်ချုပ်သူများနှင့် ဝန်ထမ်းများပူးပေါင်း၍ အကျိုးသက်ဆိုင်သူများအားလုံးအတွက် ပိုမိုကောင်းမွန်သော ရလဒ်များ ဖြစ်ပေါ်လာစေရန် စီမံကိန်းလုပ်ငန်းသစ်များကို လေ့လာခြင်း ၊ ဈေးကွက်သစ်များရှာဖွေခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းသစ်များ ရှာဖွေခြင်းတို့ကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

လာမည့် ဘဏ္ဍာနှစ်များတွင် ရလဒ်ကောင်းများ ဖြစ်ပေါ်စေရန် လုပ်ငန်းတွင်း အားနည်းချက် ၊ အားသာချက်များကို လည်း သေချာလေ့လာစီစစ်၍ အားစိုက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တင်ပြလိုပါသည်။

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

သီဟလွင်

အုပ်ချုပ်မှုဒါရိုက်တာ

၂၀၂၅ခုနှစ် ၊ ဇွန်လ (၃၀) ရက်။

**Address : No.18/A, Koh Min Koh Chin Road, Bahan Township, Yangon**
**Phone : +951 552100,552101**
**Website: [www.tmhtelecom.com](http://www.tmhtelecom.com)**